ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

Office of the Securities and Exchange Commission of Myanmar

# အရင်းအနှီးဈေးကွက်သတင်းလွှာ

| ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ | အတွဲ ၂၊ အမှတ် ၃၊ အောက်တိုဘာ ၂၀၂၃ | www.secm.gov.mm |
|---|---|---|



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရန်ကုန်စတော့အိပ်ချိန်း၏ အဋ္ဌမမြောက် စာရင်းဝင်ကုမ္ပဏီအား လက်ခံသည့် အခမ်းအနားကျင်းပခြင်း | ၁ |
| **ပြည်တွင်းသတင်း** | |
| ကော်မရှင်အစည်းအဝေးများ | ၂ |
| ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပခြင်း | ၂ |
| အစုရှယ်ယာရှင် ၁၀၀ ဦးနှင့် အထက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် အရင်းအနှီးဈေးကွက်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပခြင်း | ၂ |
| ၂/၂၀၂၃ ကြိမ်မြောက် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း | ၂ |
| ကော်မရှင်ရုံးဆွေးနွေးပွဲများ | ၂ |
| စာရင်းဝင်အကြိုဈေးကွက် Roundtable Discussion ကျင်းပခြင်း | ၃ |
| ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးပွဲနှင့် သင်တန်းထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပခြင်း | ၃ |
| လုပ်ငန်းစွမ်းဆောင်ရည် တိုးမြင့်လာစေရန် အသိပညာပေးအစီအစဉ် ကျင်းပခြင်း | ၃ |
| ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေး ကျင်းပခြင်း | ၃ |
| **ဆောင်းပါး** | |
| ကော်ပိုရိတ်စီမံအုပ်ချုပ်မှုလားရာများ | ၄ - ၆ |
| **ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ** | |
| လုပ်ငန်းဆောင်ရွက်ချက်များ | ၇ |
| လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ | ၇ |
| အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဒုတိယအကြီးအကဲ အစည်းအဝေး တက်ရောက် | ၇ |
| (၂၂) ကြိမ်မြောက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် လစဉ်တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကျင်းပ | ၇ |
| **ဈေးကွက်ဆိုင်ရာအချက်အလက်များ** | |
| ငွေချေးသက်သေခံလက်မှတ် စာရင်းဖွင့်လှစ်မှုနှင့် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာရောင်းဝယ်မှုများ | ၈ |
| ဈေးကွက်တွင်ပါဝင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု | ၈ |
| အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ | ၉ |
| **အိမ်နီးချင်းနိုင်ငံများ၏ ငွေရေးကြေးရေးဝန်ဆောင်မှု ဆောင်ရွက်ချက်များ** | |
| စက်ဘ်ပူဠ် ပတ်ဝန်းကျင်နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ငွေချေးစာချုပ်များကို ဒေါ်လာ ၂.၈ ဘီလီယံ အထိ တိုးမြှင့်ရောင်းချခဲ့ | ၉ |
| အာဆီယံငွေချေးစာချုပ်ဈေးကွက်တွင် အင်ဒိုနီးရှား၏ တိုးတက်မှု အရှိန်အဟုန်သည် မလေးရှား၏လွှမ်းမိုးမှုကို စိန်ခေါ်လျက်ရှိ | ၁၀ |


## ရန်ကုန်စတော့အိပ်ချိန်း၏ အဋ္ဌမမြောက် စာရင်းဝင်ကုမ္ပဏီအား လက်ခံသည့် အခမ်းအနားကျင်းပခြင်း







၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ( Myanmar Agro Exchange Public Co., Ltd) အား ရန်ကုန်စတော့အိပ်ချိန်း၏ အဋ္ဌမမြောက် စာရင်းဝင်ကုမ္ပဏီအဖြစ် လက်ခံခြင်းအခမ်းအနားကို ကျင်းပခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်စတော့အိပ်ချိန်း အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စာရင်းဝင်ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။

# ပြည်တွင်းသတင်း

## ကော်မရှင်အစည်းအဝေးများ



၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အစည်းအဝေး (၂)ကြိမ် ကျင်းပခဲ့ပါသည်။

## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပခြင်း




၂၀၂၃ ခုနှစ် ၊ ဩဂုတ်လ ၉ ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ဝန်ထမ်းမိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကော်မရှင်ရုံး၌ ကျင်းပခဲ့ပါသည်။

## အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများအတွက် အရင်းအနှီးဈေးကွက်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပခြင်း



ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)နှင့် ရန်ကုန်စတော့အိပ်ချိန်း(YSX)တို့သည် အစုရှယ်ယာရှင် ၁၀၀ ဦးနှင့်အထက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် စဉ်ဆက်မပြတ်ထုတ်ဖော်ခြင်း၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ဆက်နွယ်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်းများနှင့် စာရင်းဝင်အကြိုဈေးကွက်ဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်စတော့အိပ်ချိန်း Grand Hall တွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့၌ ပူးပေါင်းဆောင်ရွက်ခဲ့ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် SECM ၏ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ SECM ရုံး၊ YSX၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် ၁၀၀ ဦးနှင့်အထက်ရှိသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ၂/၂၀၂၃ ကြိမ်မြောက် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း




၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ၂/၂၀၂၃ ကြိမ်မြောက် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို Virtual ဖြင့် ကျင်းပခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေတိုက်ဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်ရုံးဆွေးနွေးပွဲများ

| | |
|---|---|
| ရန်ကုန်စတော့အိပ်ချိန်း (YSX) | အပတ်စဉ် |
| ကော်မရှင်ရုံးစီမံခန့်ခွဲရေးကော်မတီ | လစဉ် |
| ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကုမ္ပဏီများ | လစဉ် |
| ဝန်ထမ်းဆန္ဒထုတ်ဖော်ပွဲ | လစဉ် |

# ပြည်တွင်းသတင်း

## စာရင်းဝင်အကြိုဈေးကွက် Roundtable Discussion ကျင်းပခြင်း



၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် စာရင်းဝင်အကြိုဈေးကွက် (Pre–Listing Board – PLB) ဆိုင်ရာ Roundtable Discussion ကို ရန်ကုန်စတော့အိပ်ချိန်း၌ ကျင်းပခဲ့ရာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ ရန်ကုန်စတော့အိပ်ချိန်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ဖိတ်ကြားထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

## ဝန်ထမ်းများတွေ့ဆုံဆွေးနွေးပွဲနှင့် သင်တန်းထူးချွန်ဆုပေးပွဲအခမ်းအနားကျင်းပခြင်း





၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးပွဲနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်ပို့ချသည့် အရာထမ်းငယ်သင်တန်းအမှတ်စဉ် (၁၂၅) တွင် သင်တန်းသား ဒုတိယဆုနှင့် သေနတ်ပစ်ထူးချွန်ဆုရရှိသည့် ဒုတိယဦးစီးမှူး ဦးသန်းဇော်ထွန်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ပါသည်။

## လုပ်ငန်းစွမ်းဆောင်ရည်တိုးမြင့်လာစေရန် အသိပညာပေးအစီအစဉ် ကျင်းပခြင်း



ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးမြင့်လာစေရန်အတွက် "White Paper of Institute Advisory Penal" ခေါင်းစဉ်ဖြင့် Knowledge Sharing အစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ပါသည်။

## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း



၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် အချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

# ကော်ပိုရိတ်စီမံအုပ်ချုပ်မှုလားရာများ

ဒုတိယကမ္ဘာစစ် ပြီးဆုံးသည့်အခါ ချွတ်ခြုံကျသွားသော စီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရန် နည်းလမ်းရှာဖွေရာမှတဆင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ်ကို တွင်ကျယ်စွာ လိုက်နာကျင့်သုံးလာခဲ့ပါသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုသည် ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို တိကျကောင်းမွန်ပြီး လက်တွေ့ကျသည့် စည်းမျဉ်း၊ စည်းကမ်းများဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စီမံအုပ်ချုပ်သည့်စနစ်ဖြစ်သောကြောင့်ပင်။ တနည်းဆိုရသော် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုသည် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ကြသည့် ကုမ္ပဏီများ၏ ကာလရှည်ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးတည်ငြိမ်မှု၊ ဂုဏ်သိက္ခာရှိမှုများအတွက် အများပြည်သူတို့ ယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းကို ဖန်တီးပေးရန် တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပြည့်စုံသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ထူထောင်ပေးနိုင်ခြင်းကြောင့် ဖြစ်ပါသည်။


ထို့ပြင် ကုမ္ပဏီ၊ အဖွဲ့အစည်းတစ်ခုစီ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် ကောင်းမွန်ထိရောက်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုသည် အလွန်အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ မြန်မာကုမ္ပဏီများအနေဖြင့် လုပ်ငန်းချဲ့ထွင်ရန်ဖြစ်စေ၊ နိုင်ငံတကာမိတ်ဖက်ကုမ္ပဏီများနှင့် ပိုမိုခိုင်မာသော ဆက်ဆံရေးကို တိုးမြှင့်ရန်ဖြစ်စေ၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ရေးဆွဲရာတွင်ဖြစ်စေ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထကောင်းများ ကျင့်သုံးရန် အရေးကြီးပေသည်။

## ကမ္ဘာ့ကော်ပိုရိတ်စီမံအုပ်ချုပ်မှုလားရာ

ကမ္ဘာတစ်ဝှမ်းရှိ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီများသည်လည်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် ပြောင်းလဲနေသော ခေတ်ရေစီးကြောင်းများနှင့် လိုက်လျောညီထွေနေရန်မှာ လွယ်ကူသောအလုပ် မဟုတ်ပေ။ ၂၀၂၃ ခုနှစ်နှင့် နောင်လာမည့်နှစ်များတွင် ရင်ဆိုင်ရနိုင်ခြေအရှိဆုံး ကော်ပိုရိတ်စီမံခန့်ခွဲမှုဆိုင်ရာ ပြဿနာများကို ဖော်ထုတ်ရန် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းရင်းနှီးမြှုပ်နှံသူများ၊ ရှယ်ယာရှင် တက်ကြွလှုပ်ရှားသူများ၊ ပင်စင်ရန်ပုံငွေစီမံခန့်ခွဲသူများ၊ စည်းကမ်းထိန်းကျောင်းသူများ၊ ကိုယ်စားလှယ် အကြံပေးများနှင့် အခြားကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို တွေ့ဆုံမေးမြန်း၍ ခေတ်ရေစီးကြောင်းများနှင့် လိုက်လျောညီထွေဖြစ်စေမည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခင်းအကျင်း အစီရင်ခံစာကို Russell Reynolds Associates မှ Richard Fields နှင့် Rusty O'Kelley တို့က ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ဟားဗတ်ဥပဒေကျောင်းဖိုရမ် (Harvard Law School Forum on Corporate Govern-ance) တွင် တင်ပြခဲ့ပါသည်။

ယင်းအစီရင်ခံစာအရ ၂၀၂၃ ခုနှစ်တွင် ဘုတ်အဖွဲ့ အရည်အသွေးကို စောင့်ကြည့်အကဲဖြတ်မှု၊ အမှုဆောင်အရာရှိချုပ်များ၏ ဦးဆောင်မှုပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (ESG) အစီအစဉ်များနှင့် ဖွင့်ဟထုတ်ဖော်မှုများ၏ တိုးတက်ပြောင်းလဲလာမှုဟူသော ကမ္ဘာ့ကော်ပိုရိတ်စီမံအုပ်ချုပ်မှုလမ်းကြောင်း သုံးရပ်ဆီသို့ဦးတည်ရန်မျှော်မှန်းထားကြောင်း သိရှိရပါသည်။

**၂၀၂၃ ခုနှစ်တွင် မျှော်မှန်းသည့် ကမ္ဘာ့ကော်ပိုရိတ် စီမံအုပ်ချုပ်မှု လမ်းကြောင်းသုံးရပ်**




**ဘုတ်အဖွဲ့အရည်အသွေးကို စောင့်ကြည့်အကဲဖြတ်မှု**

ဘုတ်အဖွဲ့စွမ်းဆောင်ရည်၏ ကဏ္ဍများစွာကို ပိုမိုနားလည် သဘောပေါက်ပြီး လုပ်ပိုင်ခွင့်အာဏာပေးအပ်ထားသော အကျိုးသက်ဆိုင်သူများအနေဖြင့် ဘုတ်အဖွဲ့၏ အရည်အသွေး၊ ထိရောက်မှုနှင့် ဖွဲ့စည်းမှုတို့ကို ယခုနှစ်တွင် ထပ်မံစိစစ်တွေ့ရှိရမည်ဖြစ်ပါသည်။

အမေရိကန်နိုင်ငံသည် ဒါရိုက်တာအရည်အချင်းများနှင့် ထုတ်ဖော်မှုတွင် အစုရှယ်ယာရှင်များက ပိုမိုခိုင်မာသောချဉ်းကပ်မှုကို ဖိတ်ခေါ်မည့်အားလုံးနှင့်သက်ဆိုင်သော ကိုယ်စားပြုမှုခေတ်သစ်သို့ ဝင်ရောက်နေပြီ

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် ကြီးမားသော ကျား၊မ ခွဲခြားမှုနှင့် အမှီခိုကင်းမှုများအတွက် တွန်းအားပေးမှုသည် တရားဝင် ဒါရိုက်တာ အမည်စာရင်း တင်သွင်းခြင်းလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စေမည် ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် အမှုဆောင်မဟုတ်သော ဒါရိုက်တာ ခန့်အပ်မှုများ၌ ဆန်းသစ်မှုကို တွေ့ကြုံနေရစဉ် ဂျာမန်စာရင်းဝင် ကုမ္ပဏီများအတွက် ၎င်းတို့၏ဘုတ်အဖွဲ့တွင် ဘဏ္ဍာရေးကျွမ်းကျင်သူ နှစ်ဦးရှိရန်၊ ကျွမ်းကျင်မှုရာဇဝင်အတွက် တိကျပြတ်သားသော ဥပဒေအကြံပြုချက်အဖြစ် လုပ်ငန်းနှင့်သက်ဆိုင်သည့် ရေရှည်တည်တံ့မှုဆိုင်ရာကျွမ်းကျင်မှုများ ပါဝင်စေရန် လိုအပ်သကဲ့သို့ ဥရောပဒေသကုမ္ပဏီများသည် ဘုတ်အဖွဲ့ကျွမ်းကျင်မှုနှင့် ဖွဲ့စည်းပုံကို အဆင့်မြှင့်တင်ရန် တောင်းဆိုမှုများအား ဆက်လက်ကြုံတွေ့နေရဆဲဖြစ်သည်။ ဘုတ်အဖွဲ့၏ ထိရောက်မှုအထောက်အထားအတွက် တိုးမြှင့်တောင်းဆိုမှုများသည် ဘုတ်အဖွဲ့အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များကို ပိုမိုတိကျစေရန် လက်ရှိ ကြိုးပမ်းအားထုတ်မှုကို တိုးမြှင့်စေမည် ဖြစ်သည်။

### အမှုဆောင်အရာရှိချုပ်(စီအီးအို)များ၏ ဦးဆောင်မှု

မည်သည့်ဒေသတွင်ဖြစ်စေ လက်ရှိကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် ရှုပ်ထွေးနေသော ဈေးကွက်များသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခင်းအကျင်းကို ထိခိုက်စေပါသည်။ ယူကရိန်းစစ်ပွဲ ရိုက်ခတ်မှု၊ ကိုဗစ်ကပ်ရောဂါအလွန် ထောက်ပံ့ရေးကွင်းဆက်များနှင့် ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်လာမှုတို့သည် ကုမ္ပဏီများနှင့် စီအီးအိုတို့၏ ဦးဆောင်မှုအပေါ် ဖိစီးမှုဖြစ်စေပြီး ကျွမ်းကျင်ပညာရှင်များက စီအီးအိုများ၏ စွမ်းဆောင်ရည်နှင့် ရာထူးဆက်ခံမည့်အစီအစဉ်များကို ဘုတ်အဖွဲ့ကြီးကြပ်ကွပ်ကဲမှုတွင် ပို၍အလေးပေးရန် မျှော်လင့်ထားသည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုမ္ပဏီအတွင်း ပမာဏများပြားသော ဆုကြေးငွေများ၊ အပိုဆုကြေးများနှင့် အမှုဆောင်ဆိုင်ရာ လျော်ကြေးပေးအပ်နေမှုများအပေါ် ပိုမိုပြင်းထန်စွာ မီးမောင်းထိုးပြလာသည်ကို တွေ့ရှိရပါသည်။ ယခုအခါ အမေရိကန်နှင့်ဥရောပနိုင်ငံတို့တွင် အချို့သော စည်းမျဉ်း၊ စည်းကမ်း အသစ်များသည် အသက်ဝင်လာပြီဖြစ်သည်။ ဗြိတိန်နိုင်ငံရှိ ပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီမံအုပ်ချုပ်မှု (ESG) ကိစ္စရပ်များနှင့် ဆက်စပ်နေသော လျော်ကြေးငွေများအတွက် ပုဂ္ဂလိက ဖိအားပေးမှုများသည် ပြောင်းလဲနေသော မျှော်လင့်ချက်များ၏ နောက်ဆက်တွဲ ပြောင်းလဲမှုများကို ဖြစ်ပေါ်စေနိုင်သည်။

### ESG အစီအစဉ်များနှင့် ဖွင့်ဟထုတ်ဖော်မှုများ တိုးတက်ပြောင်းလဲလာမှု

ESG အစီအစဉ်ကို တန်ပြန်သက်ရောက်စေသည့် တွန်းအားပေးမှုအချို့ကို တိုးပွားလာစေသော်လည်း၊ ကမ္ဘာ့အနှံ့ရင်းနှီးမြှုပ်နှံသူများသည် ပိုမိုကောင်းမွန်သော ရေရှည်တည်တံ့မှု အစီရင်ခံခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှု လုပ်ဆောင်ချက်များအတွက် တောင်းဆိုမှုများ နှစ်ဆကျဆင်းလာပါသည်။ ထူးခြားချက်မှာ ကော်ပိုရိတ်ရေရှည်တည်တံ့မှု အစီရင်ခံခြင်းဆိုင်ရာ ညွှန်ကြားထားမှုသည် စံချိန်စံညွှန်းများ ညီညွတ်စေခြင်းနှင့် လာမည့်နှစ်များအတွက် အစီရင်ခံသည့်ဝန်းကျင်ကို ပုံဖော်ခြင်းဖြင့် ဥရောပသမဂ္ဂတစ်ဝှမ်းရှိ ESG အခင်းအကျင်းကို ထိခိုက်စေမည် ဖြစ်သည်။

ရေရှည်တည်တံ့မှုနှင့် ကော်ပိုရိတ်လူမှုရေးဆိုင်ရာ တာဝန်ယူမှု အာမခံချက်များကို တောင်းဆိုသည့် အကျိုးသက်ဆိုင်သူအရေအတွက် တိုးလာသောကြောင့် ESG ကိစ္စရပ်များကို ဆောင်ရွက်နိုင်သော လမ်းကြောင်းသည် ဆက်လက်ကျယ်ပြန့်လာလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုအပေါ် လှုပ်ရှားမှုသည် ဗြိတိန်နိုင်ငံတွင် နောက်ထပ်ကြီးမားသောကိစ္စရပ် အသွင်ဆောင်လာနေပြီး အိန္ဒိယနိုင်ငံ ဘုတ်အစည်းအဝေးများတွင် ESG ဆိုင်ရာကျွမ်းကျင်မှုများအတွက် တောင်းဆိုမှု ပိုမိုမြင့်မားလာသည်။ ရာသီဥတုဆိုင်ရာအစီအစဉ်သည် လက်တင်အမေရိကတွင် အာရုံစိုက်မှု အားကောင်းလျက်ရှိနေပါသည်။ အမေရိကန်နိုင်ငံတွင်မူ လူသားအရင်းအနှီးပြဿနာများနှင့် အလုပ်သမား အခွင့်အရေးများအပေါ် အာရုံစိုက်မှု တိုးလာမည်ဟု မျှော်လင့်ရပါသည်။

## အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုလားရာ

အာဆီယံ စာရင်းဝင်ကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစံနှုန်းနှင့်အလေ့အကျင့်များကို မြှင့်တင်ပေးရန်နှင့် စီမံအုပ်ချုပ်မှု ကောင်းမွန်သော အာဆီယံစာရင်းဝင် ကုမ္ပဏီများအား နိုင်ငံတကာတွင် ပိုမိုမြင်သာစေရန် အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ဦးဆောင်မှု (ASEAN Corporate Governance (CG) Initiative) ကို ၂၀၁၁ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပါသည်။ အာဆီယံစာရင်းဝင်ကုမ္ပဏီများအပေါ် အဆင့်သတ်မှတ်ပေးသည့် အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်း (The ASEAN Corporate Governance Scorecard – ACGS) ကို ၂၀၁၇ ခုနှစ်၊ မေလတွင် ထုတ်ပြန်ခဲ့ပါသည်။

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာ၌ကျင်းပခဲ့သော အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးသို့ တင်ပြသည့် အာဆီယံအရင်းအနှီးဈေးကွက်များဆွေးနွေးပွဲ (ASEAN Capital Markets Forum – ACMF) အစီရင်ခံစာတွင် G20/OECD ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အုပ်ချုပ်မှုစနစ်ကို ပေါင်းစပ်ထည့်သွင်းရန်နှင့် အာဆီယံစာရင်းဝင်ကုမ္ပဏီများအကြား ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအရည်အသွေးကို မြှင့်တင်ရန် ACGS အား ပြန်လည် ပြင်ဆင်ရေးအတွက် သဘောတူညီကြောင်း ပါရှိပါသည်။ 2017 ACGS ပြင်ဆင်မှုအား အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ကျွမ်းကျင်သူများဆွေးနွေးပွဲ၌ OECD မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဆွေးနွေးခဲ့ခြင်းဖြစ်ပါသည်။ ပြန်လည်ပြင်ဆင်ထားသော ACGS ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ထုတ်ပြန်နိုင်ရန် မျှော်မှန်းထားပါသည်။ 2024 ACGS ဖြင့် အာဆီယံစာရင်းဝင်ကုမ္ပဏီများအပေါ် အကဲဖြတ်ဆန်းစစ်မှုလုပ်ငန်းစဉ်ကို ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် စတင်ဆောင်ရွက်ပြီး ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အဆင့်မြင့်သော ကုမ္ပဏီများကို ဆုချီးမြှင့်သည့်အခမ်းအနားအား ၂၀၂၅ ခုနှစ်၊ မေလတွင် ကျင်းပနိုင်ရန် မျှော်မှန်းထားပေသည်။

## မြန်မာနိုင်ငံကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလားအလာ

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) သည် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) နှင့် ၂၀၁၇ ခုနှစ်၊ မတ်လတွင် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပြီးနောက် မြန်မာကုမ္ပဏီများတွင်ကျင့်သုံးနေသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထ အခြေအနေကို သိရှိနိုင်ရန် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်စတော့အိပ်ချိန်းနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC)တို့မှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် IFC က မြန်မာနိုင်ငံကော်ပိုရိတ် စီမံအုပ်ချုပ်မှုအကဲဖြတ်မှတ်တမ်း (MCGS)-၂၀၁၈၊ မြန်မာကုမ္ပဏီများအပေါ် အကဲဖြတ်လေ့လာမှု အစီရင်ခံစာကို ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ထုတ်ပြန်နိုင်ခဲ့ပါသည်။ ၎င်းအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ ကုမ္ပဏီများအားလုံးကို ကိုယ်စားပြုခြင်းမရှိသော်လည်း ရန်ကုန်စတော့အိပ်ချိန်း၌ စာရင်းဝင်ထားသော ကုမ္ပဏီများ၊ မိမိတို့ကုမ္ပဏီ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အရည်အသွေးကို မှတ်ကျောက်တင်လိုသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများနှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများ၊ စုစုပေါင်း ၂၄ ခု တို့မှ ရရှိသော အချက်အလက်များအပေါ် ပြုစုထားခြင်းဖြစ်ပါသည်။ အစီရင်ခံစာအရ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုသည် အခြေတည်စ အဆင့်သာရှိသေးပြီး ရှင်းလင်းသောလမ်းညွှန်ချက်များ လိုအပ်နေကြောင်း တွေ့ရှိရပေသည်။

2018 MCGS သည် အာဆီယံ 2017 ACGS အပေါ်အခြေပြု၍ မြန်မာကုမ္ပဏီများနှင့် လိုက်လျောညီထွေ ဖြစ်စေရန် မြန်မာ ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြုစုထားပြီး မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအပေါ် အကဲဖြတ်လေ့လာမှုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။ 2024 ACGS ထွက်ရှိလာပါက မြန်မာနိုင်ငံအနေဖြင့်လည်း 2018 MCGS အား လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စံနှုန်းကို အကဲဖြတ်လေ့လာခြင်းတို့ဆောင်ရွက်ပြီး အာဆီယံအဆင့်မီ ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအလေ့အကျင့်များကို သိရှိလိုက်နာ ဆောင်ရွက်လာစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အသိပညာပေးအစီအစဉ်များအား ပူးပေါင်းဆောင်ရွက်ပေးသင့်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

**မယ်အိမ်ကောင်း**


ကိုးကား

Global Corporate Governance Trends for 2023

*Posted by Richard Fields and Rusty O'Kelley, Russell Reynolds Associates, on Friday, March 10, 2023;* https://corpgov.law.harvard.edu/2023/03/10/global-corporate-governance-trends-for-2023/

https://www.theacmf.org/initiatives/corporate-governance

https://www.theacmf.org/initiatives/corporate-governance/about-asean-corporate-governance

https://www.theacmf.org/initiatives/corporate-governance/the-asean-corporate-governance-scorecard

Myanmar Corporate Governance Scorecard 2018: A Report on the Assessment of Myanmar Companies; https://www.secm.gov.mm

# ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ

## လုပ်ငန်းဆောင်ရွက်ချက်များ

- ဆင့်ပွားဈေးကွက်၌ အစိုးရ ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုအား SECM Website တွင် လစဉ်ထုတ်လွှင့်လျှက်ရှိခြင်း၊
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(၁)ခု၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးခြင်း၊
- ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ၊နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်သည့် သတင်းပို့အဖွဲ့အစည်း (၇) ခုတို့အား အသိပညာပေးဆွေးနွေးခြင်း၊
- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်သည့် သတင်းပို့အဖွဲ့အစည်း ၇ ခုတို့၏ လုပ်ငန်းခွင်သို့ သွားရောက်၍ ကော်မရှင်မှ ထုတ်ပြန်ထားသည့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု အခြေအနေများအား လုပ်ငန်းခွင်စစ်ဆေးမှု(Onsite/Offsite Inspection) ဆောင်ရွက်ခြင်း။

## အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဒုတိယအကြီးအကဲအစည်းအဝေးတက်ရောက်



၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် အာဆီယံအရင်းအနှီး ဈေးကွက်ဖိုရမ် ဒုတိယအကြီးအကဲ အစည်းအဝေး ကို Virtual စနစ်ဖြင့် ကျင်းပခဲ့ရာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံရှိ အရင်းအနှီးဈေးကွက်စည်းမျဉ်းထိန်းကျောင်းသည့် အဖွဲ့အစည်းများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ Sustainable Finance Institute of Asia (SFIA) တို့မှ ကိုယ်စားလှယ် စုစုပေါင်း ၁၀၅ ဦး တက်ရောက်ခဲ့ပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့် အောက်ပါသင်တန်းများသို့ ဝန်ထမ်း(၈)ဦး စေလွှတ်ခဲ့ပါသည်-

- အရာထမ်းငယ်အခြေခံသင်တန်း၊ အမှတ်စဉ်(၁၂၅)
- အရာထမ်းအခြေခံသင်တန်း၊ အမှတ်စဉ်(၂၁၈)
- အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း၊ အမှတ်စဉ်(၁၀)

အောက်ဖော်ပြပါ ပြည်တွင်း / ပြည်ပ ဆွေးနွေးပွဲ၊ အစည်းအဝေး၊ သင်တန်းများသို့ ဝန်ထမ်းများ တက်ရောက်စေခဲ့ပါသည်-

- MIoDမှကြီးမှူးကျင်းပသည့် "Governance for Director Program" (Online)
- MIoD မှ ကြီးမှူးကျင်းပသည့် "Intelligent Enterprise: Digital Transformation Roadmap and AI for Business" Training (Online)
- MIoD မှ ကြီးမှူးကျင်းပသည့် "Leadership Series: Effective and Successful Leadership Development Strategy" Webinar (Online)
- အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ၏ လုပ်ငန်းအဖွဲ့ အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ ASEAN Financial and Central Bank Deputies Meeting-Working Group( AFCDM) (In person)


## (၂၂) ကြိမ်မြောက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် လစဉ်တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကျင်းပ




၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ဦးဆောင်၍ "(၂၂) ကြိမ်မြောက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ နှင့် လစဉ်တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေး"ကို ကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးကြည်ဇင်ထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ တာဝန်ရှိသူများ စုစုပေါင်း (၃၆) ဦး တက်ရောက်ခဲ့ကြပါသည်။


# ဈေးကွက်ဆိုင်ရာအချက်အလက်များ

## ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုနှင့် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာရောင်းဝယ်မှုများ









## ဈေးကွက်တွင်ပါဝင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု



## အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ




## အိမ်နီးချင်းနိုင်ငံများ၏ ငွေရေးကြေးရေးဝန်ဆောင်မှုဆောင်ရွက်ချက်များ

### စင်္ကာပူ၌ ပတ်ဝန်းကျင်နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ငွေချေးစာချုပ်များကို ဒေါ်လာ ၂.၈ ဘီလီယံအထိ တိုးမြှင့်ရောင်းချခဲ့

စင်္ကာပူနိုင်ငံသည် ယခင်နှစ်က ထုတ်ဝေရောင်းချခဲ့သော နှစ် ၅၀ သက်တမ်းရှိ ငွေချေးစာချုပ်များကို ပြန်လည်အသက်သွင်းပြီး ရာသီဥတုပြောင်းလဲလာသည့်အပေါ် ကြိုတင်ကာကွယ်ရေး ကြိုးပမ်းမှုများ၌ အရင်းအနှီး ထည့်ဝင်ပေးသည့်အနေဖြင့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ငွေချေးစာချုပ်များတွင် ဒေါ်လာ၂.၈ ဘီလီယံ တိုးမြှင့်ခဲ့သည်။

စင်္ကာပူအစိုးရသည် အဆိုပါငွေချေးစာချုပ်များကို အနည်းဆုံးတန်ဖိုး ဒေါ်လာ ၁.၈ ဘီလီယံအား ကနဦးရည်မှန်းချက်အဖြစ် မြှင့်တင်ခဲ့ပြီး အဖွဲ့အစည်း ရင်းနှီးမြှုပ်နှံသူများသို့ ဒေါ်လာ ၂.၇၅ ဘီလီယံနှင့် အများပြည်သူသို့ ဒေါ်လာ ၅၀ မီလီယံတန်ဖိုး ကမ်းလှမ်းရောင်းချခြင်းဖြင့် ဈေးကွက်ပမာဏအား တိုးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ထုတ်ဝေရောင်းချသူသည် ရောင်းချမှုအသေးစိတ်ကို အစိုးရ၏ အရောင်းကိုယ်စားလှယ်အဖြစ်ဆောင်ရွက်သည့် စင်္ကာပူငွေရေးကြေးရေးအာဏာပိုင်အဖွဲ့(MAS) ၏ ဝဘ်ဆိုက်၌ ကြေညာပေးပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးမည့် ဘဏ္ဍာရေးစီမံကိန်းများအတွက် ချေးငွေကမ်းလှမ်းချက်များ လုပ်ဆောင်ရန် လိုအပ်လျက်ရှိပါသည်။

စင်္ကာပူနိုင်ငံသည် ယခုနှစ်တွင် ဟောင်ကောင်၊ ဂျာမနီနှင့် အီတလီစသည့်နိုင်ငံများနှင့် ပူးပေါင်းကာ ပတ်ဝန်းကျင်နှင့်ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ငွေချေးစာချုပ်များကို ရောင်းချ၍ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေနိုင်သော ငွေရေးကြေးရေးဆိုင်ရာ စာချုပ်၊ စာတမ်းများကို တစ်ကမ္ဘာလုံးတွင် ထုတ်ဝေရောင်းချနိုင်ရေးအတွက် အချုပ်အခြာအာဏာပိုင်များနှင့် ကုမ္ပဏီများအား တွန်းအားပေးခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၄၄ ဘီလီယံ (စင်္ကာပူဒေါ်လာ ၄၆၅.၅ ဘီလီယံ) ကျော် တန်ဖိုး ထုတ်ဝေရောင်းချခဲ့ရာ ယခင်နှစ်ထက် ၁၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း Bloomberg မှ ပြုစုထားသော အချက်အလက်များအရ သိရှိရပါသည်။

စင်္ကာပူနိုင်ငံသည် အဆိုပါ ငွေချေးစာချုပ်များကို ရင်းနှီးငွေအပေါ် ပြန်ရနှုန်း ၃.၀၄ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းသတ်မှတ်ခဲ့ပါသည်။ ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းဖြစ်သော ယင်းရောင်းချမှုသည် ၂၀၂၃ ခုနှစ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစားပေး ရန်ပုံငွေအား ဒေါ်လာ ၃၅ ဘီလီယံ အထိ မြှင့်တင်ရန် ယခင်နှစ်က ထုတ်ပြန်ကြေညာခဲ့သည်။ ငွေချေးစာချုပ်များရောင်းချမှုမှရရှိသော ရန်ပုံငွေများကို လျှပ်စစ်ရထားကွန်ယက်၏ ပတ်လမ်း (၂)ခု တည်ဆောက်ခြင်းအပါအဝင် Singapore Green Plan 2030 ၏ ဘဏ္ဍာရေးအသုံးစရိတ်အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း စင်္ကာပူ ငွေရေးကြေးရေးအာဏာပိုင်အဖွဲ့ (MAS) ၏ ဝဘ်ဆိုက်၌ ဩဂုတ်လ ၂၁ ရက်နေ့တွင် ဖော်ပြထားသည်။

စင်္ကာပူငွေရေးကြေးရေးအာဏာပိုင်အဖွဲ့(MAS) သည် DBS ဘဏ်၊ OCBC (Oversea–Chinese Banking Corp) နှင့် UOB (United Over–seas Bank Ltd) ဘဏ်များအား ငွေချေးစာချုပ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချရန် ခွင့်ပြုထားပြီး Citigroup Inc ၊ DBS Bank Ltd ၊ Oversea–Chinese Banking Corp ၊ Standard Chartered Plc နှင့် United Overseas Bank Ltd တို့အား အဖွဲ့အစည်းရင်းနှီးမြှုပ်နှံသူများသို့ ရောင်းချရန် ငှားရမ်းခဲ့ပါသည်။ ။

ခြူးငယ်

ကိုးကား – https://www.theedgesingapore.com/news/environmental-social-and-governance/singapore-boosts-green-bond-sale-much-28-bil

# အာဆီယံငွေချေးစာချုပ်ဈေးကွက်တွင် အင်ဒိုနီးရှား၏တိုးတက်မှု အရှိန်အဟုန်သည် မလေးရှား၏လွှမ်းမိုးမှုကို စိန်ခေါ်လျက်ရှိ

အင်ဒိုနီးရှား၏ တိုးတက်မှုသည် အရှိန်အဟုန်ဖြင့် တိုးမြင့်လာခြင်းကြောင့် အာဆီယံ ငွေချေးစာချုပ်ဈေးကွက်တွင် မလေးရှား၏ လွှမ်းမိုးမှုကို ခြိမ်းခြောက်ခံနေရပြီဖြစ်ကြောင်း MARC Ratings Bhd (Malaysian Rating Corporation Berhad) ၏ စီးပွားရေးပညာရှင် ဒေါက်တာ Ray Choy က ဆိုသည်။

မလေးရှားသည် ကော်ပိုရိတ်နှင့် အစိုးရငွေချေးစာချုပ်များ အပါအဝင် အမေရိကန်ဒေါ်လာ ၄၃၃ ဘီလီယံ (ရင်းဂစ် ၂ ထရီလီယံ) တန်ဖိုးရှိသည့်ကောင်းမွန်သောဖွံ့ဖြိုးဆဲငွေချေးစာချုပ်ဈေးကွက်ကို အမှန်တကယ်ပိုင်ဆိုင်ထားခြင်းသည် ဈေးကွက်ကို ဦးဆောင်နေသည့် အုတ်မြစ်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။ မည်သို့ပင်ဖြစ်စေ အင်ဒိုနီးရှား၏ ငွေချေးစာချုပ်ဈေးကွက်သည် မကြာသေးမီ နှစ်များအတွင်း အခြားအာဆီယံဒေသတွင်းနိုင်ငံများရှိ ဈေးကွက်များထက် ပိုမိုလျင်မြန်စွာတိုးတက်လာခဲ့ပြီး ၎င်း၏ဈေးကွက်အရွယ်အစားသည် လက်ရှိခေတ်ရေစီးကြောင်းအရ လာမည့်သုံးနှစ်အတွင်း မလေးရှားနိုင်ငံကို ကျော်လွန်သွားနိုင်မည်ဟု ခန့်မှန်းခဲ့သည်။

မလေးရှားနိုင်ငံ၏ငွေချေးစာချုပ်ဈေးကွက်သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ခြင်း နှင့် ၎င်းတို့၏ တက်ကြွစွာ ပါဝင်ပတ်သက်မှုကို မြှင့်တင်ခြင်းဆိုင်ရာ အရေးကြီးသောမေးခွန်းများကို လှုံ့ဆော်ပေးသည်ဟု ဆိုပါသည်။ ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်၏ အဓိကပြဿနာတစ်ခုမှာ ပြည်ပဈေးကွက်မတည်ငြိမ်မှုများ၊ ပြည်တွင်းစိန်ခေါ်မှုများ၊ လူမျိုးစုဝါဒကို အကာအကွယ်ပေးလိုသည့် စိတ်ဓာတ်တို့ ဖြစ်ပါသည်။

စက်မှုလုပ်ငန်းနှင့် ဈေးကွက်တိုးတက်စေရန်အတွက်၊ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်လိုအပ်ပြီး မြင့်သာထင်သာသော ကြိုးပမ်းအားထုတ်မှုများနှင့် အသိပညာအခြေခံသည့် နည်းပညာများဖလှယ်ခြင်း အပါအဝင် အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့ကာ အားကောင်းခိုင်မာစေရန်လည်း လိုအပ်ပါသည်။ ငွေရေးကြေးရေးဈေးကွက်၏ တစ်ကမ္ဘာလုံးဆိုင်ရာ သဘောသဘာဝအရ ၎င်းနည်းလမ်းအတိုင်းချဉ်းကပ်ရန် လိုအပ်ပါသည်။ ထို့ပြင်ဒေသတွင်းဆွေးနွေးပွဲများကိုသာပြုလုပ်ခြင်းသည် အမြင်ကျဉ်းမြောင်းစေပါသည်။

အာဆီယံ၏ ငွေချေးစာချုပ်ဈေးကွက်များသည် မြောက်အာရှနှင့် နှိုင်းယှဉ်လျှင် အားနည်းသောကြောင့် အသိပညာနှင့် လက်တွေ့အတွေ့အကြုံများကို စုစည်းထားသည့် ကမ္ဘာ့ငွေချေးစာချုပ်ဈေးကွက်များမှ လေ့လာသင်ယူရမည် ဖြစ်ပါသည်။ သက်ဆိုင်သည့် အဖွဲ့အစည်းတစ်ခုခုကို မျက်နှာသာပေးသော၊ အလွန်အမင်းဘက်လိုက်သောအမြင်များ ကြီးထွားလာမှုကို ဟန့်တားရန် ကျယ်ပြန့်သောချဉ်းကပ်မှုတစ်ရပ် ချမှတ်ခြင်းသည် အရေးကြီးပါသည်။

မူဝါဒများ၏ ထိရောက်မှု၊ ညီညွတ်မှုနှင့်တည်ငြိမ်မှုကို မြှင့်တင်ရန် အမျိုးမျိုးသောအရင်းအနှီးဈေးကွက် အစီအစဉ်များကို ပေါင်းစည်းရန် လိုအပ်ပြီး ထိုအစီအစဉ်များတွင် ငွေချေးစာချုပ် ဈေးကွက်များ၏ အခန်းကဏ္ဍ၌ မူဝါဒချမှတ်သူများ၊ အခြေခံအဆောက်အအုံဆိုင်ရာ ပံ့ပိုးကူညီမှု၊ ဆွေးနွေးမှုများအတွက် အစီအစဉ်တစ်ခု ဖန်တီးရန်လိုအပ်ပါကြောင်းနှင့် အဆင့်သတ်မှတ်ပေးသည့် အဖွဲ့အစည်းများ၊ ရောင်းသူဘက်နှင့် ဝယ်ယူသူဘက်တို့အကြား သုတေသနအဖွဲ့များ ဖွဲ့စည်းရန် ဖြစ်ကြောင်း အကြံပြုထားပါသည်။

ထို့ပြင် မူဝါဒချမှတ်သူများသည် နိုင်ငံတော်၏အရင်းအနှီးဈေးကွက်များကို မြှင့်တင်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းများ၊ သုတေသနပြုသူများ၊ ကြွေးမြီအဆင့်သတ်မှတ်ပေးသည့် အေဂျင်စီများ၊ စီးပွားရေးပညာရှင်များကဲ့သို့ သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးသည့် ထောက်ပံ့သူများကို စိတ်အားထက်သန်စွာ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

လတ်တလောဈေးကွက်တွင် ပါဝင်ပတ်သက်သူများမှာ ကွဲပြားလျက်ရှိပါသည်။ ဈေးကွက်သရုပ်ခွဲဆန်းစစ်ခြင်းသည် အခြေခံအချက်အလက်များကိုကျော်လွန်ပြီး အများပြည်သူအကျိုးရှိစေရန် ငွေချေးစာချုပ်ဈေးကွက်၏ ငွေဖြစ်လွယ်မှုနှင့် အခြေခံလုပ်ဆောင်ချက်များကို အလေးပေးပါသည်။ သို့သော် ငွေကြေးတန်ဖိုးက တိုးမလာပေ။ ကုန်ကျစရိတ်အဖြစ် မကြာခဏမြင်ရပြီး အများအားဖြင့် သီးခြားအစီအစဉ်များအဖြစ်သာ ပုဂ္ဂလိကအေးဂျင့်များလက်ထဲတွင် ကျန်ရစ်သည်ဟု သုံးသပ်ထားပါသည်။ ။

ဦးနိုင်

ကိုးကား – https://www.thesundaily.my/business/indonesia-s-growing-momentum-poses-challenges-to-malaysia-s-dominance-in-asean-bond-market-PE11376548